Курганский
государственный
университет

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Kurgan State University တို့အကြား သိပ္ပံနှင့်သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီမှုစာချုပ်

အဆင့်မြင့်ပညာရေး ဖက်ဒရယ်ပြည်နယ် ဘတ်ဂျတ်ပညာရေးအဖွဲ့အစည်းဖြစ်သော“Kurgan State University” နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်ဆေးတက္ကသိုလ်(နောက်ပိုင်းစာသားများတွင် နှစ်ဦးနှစ်ဖက်အဖြစ်ရည်ညွှန်းဖော်ပြမည်)တို့သည် သိပ္ပံပညာဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှု တိုးတက်ရေးသည် အရေးကြီးသည်ကိုသိရှိကြသည်။ သို့ဖြစ်၍ ဓာတုဗီဝ၊ ဇီဝဓာတုဗေဒ၊ စိတ်ဒဏ်ရာကုသရေးဗေဒ၊ သံ၊ သံမဏိမဟုတ်သော သတ္တုဗေဒ၊ ကြွေထည်ပစ္စည်းများနည်းပညာနှင့်စက်မှုအင်ဂျင်နီယာကဏ္ဍတိုးတက်ရေး၊ သိပ္ပံပညာရပ်ဆိုင်ရာသုတေသနများ အသုံးချမှုမြင့်တင်ရေးနှင့် သိပ္ပံနှင့်နည်းပညာကဏ္ဍတိုးတက်ရေးတို့အတွက် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ နှစ်ဦးနှစ်ဖက်သည် အောက်ပါအချက်များအား ဆောင်ရွက်သွားရန် သဘောတူညီကြသည်။

## အပိုဒ် ၁

နှစ်ဦးနှစ်ဖက်သည် အပြန်အလှန် အကျိုးစီးပွားကို လေးစားပြီး တန်းတူအခွင့်အရေးကိုအခြေခံ၍ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ စိတ်ဒဏ်ရာကုသရေးဗေဒ၊ သံ၊ သံမဏိမဟုတ်သော သတ္တုဗေဒ၊ ကြွေထည်ပစ္စည်းများနည်းပညာ၊ စက်မှုအင်ဂျင်နီယာ၊ နယ်ပယ်များတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးအတွက် “စက်မှုနှင့်ဇီဝဆေးပညာဆိုင်ရာ ဓာတုဗေဒအဆင့်မြင့်ပစ္စည်းများဆိုင်ရာ သုတေသနဓာတ်ခွဲခန်း”အား တပ်မတော်ဆေးသုတေသနတပ်၊ နေပြည်တော်တွင် ပူးတွဲဖွင့်လှစ်ရေးသဘောတူညီကြသည်။

## အပိုဒ် ၂

နှစ်ဦးနှစ်ဖက်သည် မိမိတို့နှစ်နိုင်ငံ၏ လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့အကြားချုပ်ဆိုထားသည့် သဘောတူညီချက်များနှင့် စာချုပ်များနှင့်အညီ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်။

## အပိုဒ် ၃

နှစ်ဦးနှစ်ဖက်သည် အောက်ဖော်ပြပါကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီကြသည်-

(က) ပူးတွဲသုတေသနပြုလုပ်ခြင်း၊

(ခ) သုတေသနပညာရှင်များအကြား အချင်းချင်းဖလှယ်မှုများ ဆောင်ရွက်ခြင်း၊

(ဂ) နှစ်ဖက်အဖွဲ့အစည်းများမှ ထုတ်ဝေသည့်ဂျာနယ်များ၊ ဆောင်းပါးများနှင့် စာအုပ်များအပြန်အလှန်ပေးအပ်ခြင်း၊ တက္ကသိုလ်များ၏ဂျာနယ်များတွင် ဆောင်းပါးများထုတ်ဝေခြင်း၊

(ဃ) သိပ္ပံပညာဆိုင်ရာညီလာခံများ၊ စာတမ်းဖတ်ပွဲများနှင့် အခြားသော သိပ္ပံဆိုင်ရာ အခမ်းအနားများ ပူးတွဲကျင်းပခြင်း၊

(င) နည်းပညာအကြံပေးမှုများ ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) အငယ်တန်းသုတေသနပညာရှင်များအား လေ့ကျင့်သင်ကြားပေးခြင်း၊

(ဆ) နှစ်ဦးနှစ်ဖက် သဘောတူညီသည့် အခြားသောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

## အပိုဒ် ၄

ဤသဘောတူညီချက်အား ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းများကို နှစ်ဦးနှစ်ဖက်အကြား စာဖြင့်အပြန်အလှန်ပေးပို့ သဘောတူညီချက်များရယူမည်။

## အပိုဒ် ၅

ဤသဘောတူညီချက်သည် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးပြီးသည့် နေ့ရက်တွင်စတင်အသက်ဝင်မည်ဖြစ်ပြီး သဘောတူညီချက်သက်တမ်းသည် (၃)နှစ် ရှိသည်။ ဤသဘောတူညီချက်၏ သတ်မှတ်ကာလမကုန်ဆုံးမီ အနည်းဆုံး ခြောက်လ (၆)လအလိုတွင် သဘောတူညီချက်အား ရပ်ဆိုင်းကြောင်းတစ်ဖက်မှ အခြားတစ်ဖက်သို့စာဖြင့် အကြောင်းကြားခြင်းမရှိပါက သဘောတူညီချက်သက်တမ်းကို နောက် (၃)နှစ် အလိုအလျောက် သက်တမ်းတိုးမည်ဖြစ်သည်။

## အပိုဒ် ၆

(က) အဖွဲ့ဝင်နိုင်ငံများက အခြားနည်းဖြင့် သဘောတူညီထားခြင်း မရှိပါက ဤသဘောတူညီချက်ရပ်စဲမှုသည် ဤသဘောတူညီချက်ပါ မူဘောင်များအတွင်း စတင်ဆောင်ရွက်ခဲ့သောအစီအစဉ်များ၊ လုပ်ငန်းများနှင့် ဤသဘောတူညီချက် ရပ်စဲသည့်အချိန်တွင် မပြီးပြတ်သေးသော အစီအစဉ်များ၊ လုပ်ငန်းများအားမထိခိုက်စေရ။

(ခ) ဤသဘောတူညီချက်ကို အဓိပ္ပာယ်ဖွင့်ဆိုမှု၊ အကောင်ထည်ဖော်မှုတို့နှင့် စပ်လျဉ်း၍ ဤသဘောတူညီချက်အကောင်အထည်ဖော် ဆောင်ရွက်ရာမှ ဖြစ်ပေါ်လာသော သဘောထားကွဲလွဲ အငြင်းပွားမှုကိစ္စတစ်ရပ်ရပ်ကို နှစ်ဖက်အဖွဲ့အစည်းအချင်းချင်းညှိနှိုင်းတိုင်ပင်ခြင်းနှင့် စေ့စပ်ဆွေးနွေးခြင်းနည်းဖြင့် ဖြေရှင်းရမည်။

ဤသဘောတူညီချက်ကို _______________ ၌ _____________ ခုနှစ်၊ __________ လ၊ __________ ရက်တွင် မြန်မာဘာသာ၊ ရုရှားဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် မိတ္တူနှစ်စုံစီ လက်မှတ်ရေးထိုးကြပါသည်။ ဘာသာစကားသုံးမျိုးစလုံးသည်ညီတူညီမျှမှန်ကန်မှုရှိပြီး သဘောတူညီချက်အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့်စပ်လျဉ်း၍

အငြင်းပွားမှုများ ပေါ်ပေါက်လာပါက အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားချက်သည် အတည်ဖြစ်သည်။

အဆင့်မြင့်ပညာရေး ဖက်ဒရယ်ပြည်နယ် ဘတ်ဂျက်ပညာရေး အဖွဲ့အစည်းဖြစ်သော “Kurgan State University”

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်ဆေးတက္ကသိုလ်

N.V.Dubiv
ပါမောက္ခချုပ်

ဗိုလ်မှူးချုပ် ခင်အောင်ထွန်း
ပါမောက္ခချုပ်